**သုတေသနနှင့်သက်ဆိုင်သူများသို့**

# "ဂျပန်နိုင်ငံတွင် နေထိုင်သူနိုင်ငံခြားသားများ၏ ဘာသာစကားအတားအဆီးကြောင့် ကြုံတွေ့ရသော ဆေးကုသခွင့်အခက်အခဲနှင့် ကျန်းမာရေးကွာဟချက်ဆိုင်ရာ ကဏ္ဍစုံသုတေသန" နှင့် စပ်လျဉ်း၍ ရှင်းလင်းချက်


ဒုတိယအကြိမ် ထုတ်ဝေမှု

ရေးသားပြုစုမှု - ၂၀၂၄ ဒီဇင်ဘာလ ၁၇ ရက်



ဂျွန်တန်းဒိုးတက္ကသိုလ်၊ ဘွဲ့လွန်ဌာန၊ ကျန်းမာရေးသုတေသနဌာန

ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးသုတေသနခန်း

သုတေသနတာဝန်ခံ - ပါမောက္ခ မိုတိုယူကီယူရစ

## ၁. နိဒါန်း

ဤသုတေသနသည် ဂျွန်တန်းဒိုးတက္ကသိုလ်မှ ဆေးပညာဌာန၊ ဆေးပညာစနစ်၊ သုတေသနဆိုင်ရာကျင့်ဝတ်ကော်မတီ၏ စုံစမ်းစစ်ဆေးမှုပေါ် အခြေခံ၍ သုတေသနအဖွဲ့အစည်း၏ အကြီးအမှူးထံမှ ခွင့်ပြုချက် ရရှိထားပါသည်။ သုတေသနတွင် ပါဝင်ဖြေဆိုရန် ရှိမရှိကို သင့်ဆန္ဒဖြင့် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါသည်။ ပါဝင်ဖြေဆိုခြင်း မပြုလျှင်ပင် သင့်အတွက် ထိခိုက်နစ်နာမှုတစ်စုံတစ်ရာ ရှိမည်မဟုတ်ပါ။

ရှင်းလင်းချက်များအနက် အချို့အပိုင်းများသည် အနည်းငယ် နားလည်ရ ခက်ခဲနိုင်ပါသည်။ နားမလည်သည်များ သို့မဟုတ် စိုးရိမ်ပူပန်မှုများ ရှိပါက သုတေသနတာဝန်ခံထံ မေးမြန်းပါ။

## ၂. ဤသုတေသန၏ရည်ရွယ်ချက်

ဤသုတေသနတွင် ဂျပန်နိုင်ငံတွင် နေထိုင်ပြီး ဂျပန်ဘာသာစကားသည် မိခင်ဘာသာစကား မဟုတ်သူများထံ ဂျပန်နိုင်ငံရှိ ဆေးကုသခွင့်၊ ကျန်းမာရေးအသိတရား၊ ဂျပန်နိုင်ငံရှိ နေထိုင်မှုဘဝ စသည်တို့နှင့် ပတ်သက်၍ မေးမြန်းပါမည်။

သုတေသန၏ ရည်ရွယ်ချက်မှာ ဂျပန်စကား ကျွမ်းကျင်စွာ မပြောတတ်သူသည် ဆေးရုံသွားပြရန် မည်မျှ ခက်ခဲကြောင်း၊ ကျန်းမာရေးကွာဟချက် ရှိမရှိ၊ ဆေးရုံသွားပြရ လွယ်စေရန် မည်သို့ ပြုလုပ်ရမည်ကို တင်ပြရန် ဖြစ်ပါသည်။ ဤသုတေသနမှတစ်ဆင့် လူတိုင်း စိတ်အေးချမ်းသာစွာ ဆေးရုံသွားပြနိုင်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် အကျိုးပြုရန် ရည်ရွယ်ပါသည်။

## ၃. ဤသုတေသနပြုလုပ်ပုံ

မေးခွန်းလွှာစစ်တမ်းနှင့် အင်တာဗျူးစစ်တမ်း ပြုလုပ်ပါမည်။

မေးခွန်းလွှာစစ်တမ်း ဖြေဆိုခဲ့သူများအနက် အင်တာဗျူး ဖြေဆိုနိုင်သူအချို့နှင့် အင်တာဗျူးစစ်တမ်း ပြုလုပ်ပါမည်။ လူ ၆ မှ ၇ ယောက်အထိ အဖွဲ့လိုက်ဖြင့် မေးခွန်းလွှာဖြေဆိုခြင်းနှင့် ပတ်သက်၍ တစ်ဦးစီ၏ အတွေ့အကြုံ သို့မဟုတ် စိတ်ကူးကို အနည်းငယ် အသေးစိတ် မေးမြန်းပါမည်။

## ၄. ဤသုတေသနနှင့် သက်ဆိုင်သူများအကြောင်း

အောက်ပါ မေးခွန်းအားလုံးကို "ဟုတ်ပါသည်" ဟု ဖြေဆိုထားသူသည် ဤသုတေသနတွင် ပါဝင်ဖြေဆိုနိုင်သူ ဖြစ်ပါသည်။

(၁) အသက် ၁၈ နှစ် ပြည့်ပြီးသူ

(၂) ဂျပန်ဘာသာစကားသည် မိခင်ဘာသာစကား မဟုတ်သူ

(၃) ဂျပန်နိုင်ငံတွင် နေထိုင်သူ

## ၅. ဤသုတေသနတွင် ပါဝင်ဖြေဆိုရန် စီစဉ်ထားသူဦးရေအကြောင်း

သုတေသနခွင့်ပြုချက် ရသည့်နေ့မှစ၍ ၂၀၂၇ မတ်လ ၃၁ ရက်နေ့အတွင်း ဤသုတေသနကို ပြုလုပ်ပါမည်။ မေးခွန်းလွှာစစ်တမ်း ဖြေဆိုရန် ဦးရေ ၅၀၀ ကို လည်းကောင်း၊ အင်တာဗျူးစစ်တမ်း ဖြေဆိုရန် ၅ ဖွဲ့မှ ၆ ဖွဲ့ (စုစုပေါင်း ဦးရေ ၃၀ မှ ၄၂ ဦး) ကို လည်းကောင်း တောင်းဆိုရန် စီစဉ်ထားပါသည်။

## ၆. ဤသုတေသနတွင် ပါဝင်ဖြေဆိုခြင်းဖြင့် မျှော်မှန်းနိုင်သည့် အကျိုးကျေးဇူးနှင့် ပေါ်ပေါက်နိုင်သော ထိခိုက်နစ်နာမှု

**<မျှော်မှန်းနိုင်သည့် အကျိုးကျေးဇူး>**

ပါဝင်ဖြေဆိုသူသည် အကျိုးအမြတ်တစ်စုံတစ်ရာ တိုက်ရိုက် ရရှိမည်မဟုတ်ပါ။ သို့သော် ဤသုတေသနရလဒ်ပေါ်မူတည်၍ နောင်တစ်ချိန်တွင် ဂျပန်နိုင်ငံတွင် နေထိုင်သော ဂျပန်ဘာသာစကားသည် မိခင်ဘာသာစကား မဟုတ်သူများ ဆေးရုံသွားပြရ လွယ်စေရန် အကျိုးပြုနိုင်သော အလားအလာများ ရှိပါသည်။

**<ပေါ်ပေါက်နိုင်သော ထိခိုက်နစ်နာမှု>**

ဤသုတေသနတွင် ပါဝင်ဖြေဆိုသူများတွင် ထိခိုက်နစ်နာမှုတစ်စုံတစ်ရာ ပေါ်ပေါက်ရန် မရှိပါ။

## ၇. ဤသုတေသနအတွင်း သင့်ကျန်းမာရေး ထိခိုက်မှု ဖြစ်ပွားမည့်အခြေအနေနှင့် စပ်လျဉ်း၍

ဤသုတေသနကြောင့် ပါဝင်ဖြေဆိုသူ၏ ကျန်းမာရေးကို ထိခိုက်စေမည်မဟုတ်ပါ။

## ၈. သုတေသနတွင် ပါဝင်ဖြေဆိုမှုသည် ဆန္ဒအလျောက်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍

ဤသုတေသနတွင် ပါဝင်ဖြေဆိုရန် ရှိမရှိကို သင့်ဆန္ဒဖြင့် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါသည်။ သုတေသနတွင် ပါဝင်ဖြေဆိုရန် သဘောမတူသည်ဖြစ်စေ၊ ဖြေလက်စကို အပြီးထိမဖြေဘဲ ရပ်လိုက်သည်ဖြစ်စေ သင့်အတွက် ထိခိုက်နစ်နာမှုတစ်စုံတစ်ရာ ရှိမည်မဟုတ်ပါ။

(၁) မေးခွန်းလွှာစစ်တမ်းတွင် ပါဝင်ဖြေဆိုမည့်သူများ

မေးခွန်းလွှာ ဖြေလက်စဖြင့် ဖြေဆိုရန်ဆန္ဒ မရှိတော့လျှင် ဖြေဆိုခြင်းကို ရပ်တန့်နိုင်ပါသည်။

(၂) အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုမည့်သူများ

အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုရန် သဘောတူပြီးသည်မှ အင်တာဗျူး မစမီအထိ သဘောတူညီချက်ကို ရုပ်သိမ်းခြင်း (ပါဝင်ဖြေဆိုခြင်းကို ရပ်တန့်မည်) ပြုနိုင်ပါသည်။ ထို့အပြင် အင်တာဗျူး ဖြေဆိုနေစဉ်အတွင်း

မေးခွန်းကို မဖြေလိုပါက မဖြေ၍ ရပါသည်။
သုတေသနကို မှတ်တမ်းတင်ရန် အင်တာဗျူးကို အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် ဓာတ်ပုံရိုက်ခြင်း ပြုလုပ်ပါမည်။ ထိုသို့ မှတ်တမ်းတင်သည်များကို အချိန်မရွေး ငြင်းပယ်နိုင်ပါသည်။ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းကို ငြင်းဆိုလျှင်ပင် သင့်အတွက် ထိခိုက်နစ်နာမှု လုံးဝ ရှိမည်မဟုတ်ပါ။

သို့သော် အောက်ပါအခြေအနေများတွင် ကျွန်ုပ်တို့သည် သင့်ထံမှ ကောက်ယူထားသော အချက်အလက်များကို ဖျက်ပစ်၍ မရနိုင်ပါ။
(၁) ကိုယ်ရေးအချက်အလက် ကောက်ယူခြင်း မပြုရသေးပါက
(၂) သဘောတူညီမှု ရုပ်သိမ်းရန် တောင်းဆိုမှုကို ရရှိသည့်အချိန်တွင် သုတေသနစာတမ်းအဖြစ် ထုတ်ပြန်ပြီးပါက
(၃) အမည်ကို အပြည့်အဝ လျှို့ဝှက်ထားပြီး မည်သူမည်ဝါ ဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်း မပြုနိုင်ပါက

## ၉. ဤသုတေသနနှင့်ပတ်သက်သော အချက်အလက်များ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍

အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုရန် ဆုံးဖြတ်ပြီးသည့်နောက် ပါဝင်ဖြေဆိုမည့် သင့်ဆန္ဒအပေါ် သက်ရောက်မှု ရှိနိုင်သည့် သတင်းအချက်အလက်များ ရှိပါက ချက်ချင်း အကြောင်းကြားပါမည်။

## ၁၀. ကိုယ်ရေးအချက်အလက်များ ကိုင်တွယ်ခြင်းနှင့် စပ်လျဉ်း၍

ကောက်ယူထားသော သတင်းအချက်အလက်များကို စီမံကိုင်တွယ်ရာတွင် စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ ကိုယ်ရေးအချက်အလက်များနှင့် မသက်ဆိုင်သော သုတေသန ID ကို အသုံးပြု၍ စီမံခန့်ခွဲမည်ဖြစ်ပြီး ပါဝင်ဖြေဆိုခဲ့သူများ၏ လျှို့ဝှက်ချက်များကို ကာကွယ်ရန် အထူး ဂရုစိုက်ပါမည်။

(၁) မေးခွန်းလွှာစစ်တမ်းနှင့် စပ်လျဉ်း၍
မေးခွန်းလွှာ၏ အဖြေစာရွက်များကို ဂျွန်တန်းဒိုးတက္ကသိုလ်၏ နိုင်ငံတကာ လစ်ဘရယ်အနုပညာဌာန (Faculty of International Liberal Arts) မှ သုတေသနခန်းအတွင်းရှိ သော့ခတ်ထားသော လော့ကာတွင် စည်းကမ်းတင်းကြပ်စွာ သိမ်းဆည်းထားပါမည်။ အွန်လိုင်းမေးခွန်းလွှာမှ အဖြေများနှင့် မေးခွန်းလွှာစာရွက်များကို အချက်အလက်အဖြစ် ပြောင်းလဲထားသည်များကို စကားဝှက်ခံ၍ စီမံထိန်းချုပ်ထားသော တက္ကသိုလ်၏ Cloud Storage တွင် စည်းကမ်းတင်းကြပ်စွာ သိမ်းဆည်းထားပါမည်။
အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုနိုင်သူများ၏ ဆက်သွယ်ရမည့်အချက်အလက်ကို မေးခွန်းလွှာစစ်တမ်းတွင် ကျွန်ုပ်တို့ မေးမြန်းပါမည်။ ထိုဆက်သွယ်ရမည့်အချက်အလက်ကို အင်တာဗျူးစစ်တမ်းအတွက် ဆက်သွယ်ရန်အတွက်သာ အသုံးပြုပါမည်။ ထို့အပြင် မေးခွန်းလွှာ၏အဖြေအချက်အလက်များသည် မည်သူက ဖြေဆိုခဲ့ကြောင်း မသိရှိစေရန် ဆက်သွယ်ရမည့်အချက်အလက်ကို ဖျက်ပြီး နံပါတ်ဖြင့် စီမံခန့်ခွဲပါမည်။
အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုနိုင်သူများ၏ မေးခွန်းလွှာနံပါတ်နှင့် ဆက်သွယ်ရမည့်အချက်အလက်

ရေးထားသောစာရင်းကိုသာ ရေးဆွဲပါမည်။ ဤစာရင်းကို မေးခွန်းလွှာ၏အဖြေများနှင့် မတူ၊ စကားဝှက်ခံ၍ စီမံထိန်းချုပ်ထားသော တက္ကသိုလ်၏ Cloud Storage တွင် သီးခြားစီ စည်းကမ်းတင်းကြပ်စွာ သိမ်းဆည်းထားပါမည်။ ထို့အပြင် ထိုစာရင်းကို အင်တာဗျူးစစ်တမ်းအတွက်သာ အသုံးပြုပါမည်။

(၂) အင်တာဗျူးစစ်တမ်းနှင့် စပ်လျဉ်း၍

အင်တာဗျူးမှ အကြောင်းအရာများကို စာစီထားသော စာသားအချက်အလက်များတွင် ပါဝင်ဖြေဆိုသူသည် မည်သူမည်ဝါ ဖြစ်ကြောင်း မသိရှိစေရန် အမည်ကို လျှို့ဝှက်ပြောင်းလဲထားပါမည်။

ဗီဒီယိုအချက်အလက်နှင့်အသံအချက်အလက်အပြင် အင်တာဗျူးအကြောင်းအရာများကို စာစီထားသော စာသားအချက်အလက်များကို စကားဝှက်ခံ၍ စီမံထိန်းချုပ်ထားသော တက္ကသိုလ်၏ Cloud Storage တွင် စည်းကမ်းတင်းကြပ်စွာ သိမ်းဆည်းထားပါမည်။

ထို့အပြင် "၁၂. သင် စိုက်ထုတ်ကျခံရမည့် စရိတ်အကြောင်း" တွင် ရေးသားဖော်ပြထားသော စိုက်ထုတ်ကျခံမှုသက်သာရေးစရိတ် (ချီးမြှင့်ငွေ) ကို ထုတ်ယူရန် သင်၏အမည်နှင့် ဆက်သွယ်ရမည့်အချက်အလက် စသည့် ကိုယ်ရေးအချက်အလက်များ လိုအပ်ပါသည်။ ထိုကိုယ်ရေးအချက်အလက်များကို စစ်တမ်းအကြောင်းအရာနှင့် မတူ သီးခြားစီ မေးမြန်းမည်ဖြစ်ပြီး ချီးမြှင့်ငွေ ပေးရန်အတွက်သာ အသုံးပြုပါမည်။

ထို့အပြင် သုတေသန ပြီးဆုံးသည့်နောက် မေးခွန်းလွှာစစ်တမ်းနှင့် အင်တာဗျူးစစ်တမ်းတွင် ကောက်ယူထားသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများကို ၁၀ နှစ်ကြာ သိမ်းဆည်းထားပြီးမှ ဖျက်ဆီးစွန့်ပစ်ပါမည်။ ထိုအချိန်တွင် မည်သူမည်ဝါ ဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်း မပြုနိုင်စေရန် အထူး ဂရုစိုက်ပါမည်။

ဤသုတေသနမှ ရရှိလာသောရလဒ်များကို ပြည်သူ့ကျန်းမာရေးဂျာနယ်များတွင် တရားဝင် ထုတ်ပြန်နိုင်သော်လည်း သင်၏ အမည် စသော ကိုယ်ရေးအချက်အလက်များကို ဖော်ထုတ်ပြသမည်မဟုတ်ပါ။

## ၁၁. သုတေသနတွင် ပါဝင်ဖြေဆိုသည့်အခါ သတိပြုရမည့် အချက်များနှင့် စပ်လျဉ်း၍

မေးခွန်းလွှာစစ်တမ်းပါ မေးခွန်းအားလုံးကို တတ်နိုင်သမျှ ဖြေပါ။

## ၁၂. သင် စိုက်ထုတ်ကျခံရမည့် စရိတ်အကြောင်း

သုတေသနတွင် ပါဝင်ဖြေဆိုခြင်းကြောင့် ကုန်ကျစရိတ် ကျခံရန် မရှိပါ။

မေးခွန်းလွှာစစ်တမ်းနှင့် အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုသူများသည် အချိန်ပေးရမည်ဟု ထင်ပါသည်။ ထို့ကြောင့် မေးခွန်းလွှာစစ်တမ်းတွင် ချီးမြှင့်ငွေ ထုတ်ယူရန် ဆန္ဒရှိသူများကိုလည်းကောင်း၊ အင်တာဗျူးစစ်တမ်းတွင် ပါဝင်ဖြေဆိုသူအားလုံးကို လည်းကောင်း စိုက်ထုတ်ကျခံမှုသက်သာရေးစရိတ် (ချီးမြှင့်ငွေ) ကို ချီးမြှင့်ပါမည်။

## ၁၃. အကျိုးစီးပွားပဋိပက္ခနှင့် စပ်လျဉ်း၍

ဤသုတေသနကို ဂျပန်နိုင်ငံ သိပ္ပံပညာမြှင့်တင်ရေးအသင်းမှ သိပ္ပံပညာသုတေသနစရိတ် (Kakenhi) နှင့် သုတေသနထောက်ပံ့ကြေး ပံ့ပိုးမှုများဖြင့် ပြုလုပ်နေပါသည် (လုပ်ငန်းစဉ်နံပါတ် - ၂၄KJ၁၉၈၁)။ ထို့မှတပါး ကုမ္ပဏီများထံမှ ရန်ပုံငွေ ပေးအပ်ခြင်း (သုတေသနငွေ ရရှိခြင်း) မရှိပါ။

တစ်နည်းဆိုရသော် သုတေသနပညာရှင်များသည် သုတေသနကို ကုမ္ပဏီများထံ မမှီခိုဘဲ မိမိဘာသာ ရပ်တည်၍ အစီအစဉ်ရေးဆွဲကာ သုတေသနပြုလျက် ရှိသောကြောင့် သုတေသနရလဒ်များနှင့် ခွဲခြမ်းစိတ်ဖြာမှုများအပေါ် ကုမ္ပဏီများထံမှ ဩဇာသက်ရောက်မည် မဟုတ်ပါ။ ဤစစ်တမ်း၏ သုတေသနတာဝန်ခံနှင့် သုတေသနပညာရှင်သည် "ဂျွန်တန်းဒိုးတက္ကသိုလ်၊ ဆေးပညာစနစ်၊ သုတေသနအကျိုးစီးပွားပဋိပက္ခ စီမံခန့်ခွဲရေးစည်းမျဉ်း" နှင့် "လူသားများပါဝင်သော ဆေးပညာစနစ်သုတေသနနှင့် ပတ်သက်သော အကျိုးစီးပွားပဋိပက္ခဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်းလက်စွဲ" နှင့်အညီ ဂျွန်တန်းဒိုးတက္ကသိုလ်၊ ဆေးပညာဌာန၊ ဆေးပညာစနစ်၊ သုတေသနအကျိုးစီးပွားပဋိပက္ခ စီမံခန့်ခွဲရေးကော်မတီထံ လိုအပ်သော အချက်အလက်များကို တင်ပြ၍ စုံစမ်းစစ်ဆေးမှုကို ခံယူလျက် ရှိပါသည်။ ထို့အပြင် ဤစစ်တမ်း၏ရလဒ်များသည် မူပိုင်ခွင့်ကဲ့သို့ ဉာဏပစ္စည်းများ ပေါ်ပေါက်လာပါက ၎င်းတို့အား ပိုင်ဆိုင်ခွင့် ရှိသူသည် တက္ကသိုလ်နှင့် သုတေသနပညာရှင်များသာ ဖြစ်ပြီး စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများ ပိုင်ဆိုင်ခွင့် ရှိမည်မဟုတ်ပါ။

## ၁၄. အချက်အလက်များ ပြန်လည်အသုံးပြုခြင်း

ဤသုတေသနအတွက် ကောက်ယူထားသော အချက်အလက်များကို အခြားသုတေသနတွင် အသုံးပြုနိုင်ပါသည်။ ဤသုတေသနတွင် ပါဝင်ဖြေဆိုခဲ့သည့်အချိန်တွင် ရရှိခဲ့သော ရှင်းလင်းချက်ပါ ရည်ရွယ်ချက်နှင့် အမျိုးအမည်များ၏ ဘောင်ကို ကျော်လွန်၍ နောင်တစ်ချိန်တွင် ထိုအချက်အလက်များကို အသုံးပြုမည်ဆိုပါက ကျင့်ဝတ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးမှုကို ခံယူကာ ခွင့်ပြုချက် ရရှိပြီးမှ ဤကျောင်း၏ ပင်မဝဘ်စာမျက်နှာ စသည်တွင် အသိပေးကြေညာပါမည်။

ထို့အပြင် ပြန်လည်အသုံးပြုမည့် အချက်အလက်များမှ ကိုယ်ရေးအချက်အလက်အားလုံးကို ဖျက်ပစ်မည်ဖြစ်ပြီး အမည်ကို အပြည့်အဝ လျှို့ဝှက်ထားပါမည်။ ထို့ကြောင့် ပြန်လည်အသုံးပြုရာတွင် သင်၏ အချက်အလက်များကို စိစစ်ဖော်ထုတ်၍ ဖျက်ပစ်ခြင်းကို မပြုလုပ်နိုင်ပါ။

## ၁၅. အတိုင်ပင်ခံဌာနထံ အချိန်မရွေး စုံစမ်းမေးမြန်းပါ

ဤသုတေသနနှင့်ပတ်သက်၍ မေးလိုသည်များ သို့မဟုတ် စိုးရိမ်ပူပန်မှုများရှိပါက အချိန်မရွေး ဆက်သွယ်ပါ။

[အတိုင်ပင်ခံဌာန]

ဂျွန်တန်းဒိုးတက္ကသိုလ်၊ ဘွဲ့လွန်ဌာန၊ ကျန်းမာရေးသုတေသနဌာန၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးသုတေသနခန်း

၂-၁-၁ Hongo, Bunkyo-ku, Tokyo ၁၁၃-၈၄၂၁
ဖုန်း - ၀၃-၃၈၁၃-၃၁၁၁
သုတေသနတာဝန်ခံ ပါမောက္ခ မိုတိုယူကီယူရစ